

# လက်ဆောင်

အရှင်ဥာဏိက

**“ပိုးထိုးနေတဲ့ သစ်သီးတစ်လုံးရဲ့ အပေါ်ယံတောက်ပမှုနဲ့ စျေးဝယ်တစ်ယောက်ကို လှည့်စားပါ၊ လက်ဆောင်ပေးဖို့ အထိတော့ အတင့်မရဲပါနှင့်”**

အမေရိကမှာတော့ မေလ ၈ ရက်နေ့ကို အမေနေ့ရယ်လို့ သတ်မှတ်ပါတယ်၊ အမေ့ဂုဏ်ကို ကောင်းကောင်းယုံကြည်သူတစ်ဦးမို့ ခုလိုအမေနေ့ရောက်လေတိုင်း တခြားအချိန်များထက်ပိုလို့ အမေ့ကို သတိရမိတတ်ပါတယ်၊ ခုလို အမေနေ့ (Mother's Day) မှာ မိခင်များနဲ့ သက်ဆိုင်သူအသီးသီးက အမှတ်တရ ဂုဏ်ပြုကြတာကိုလည်း ကြားသိတွေ့မြင်ခဲ့ရပါတယ်၊ မိခင်များနဲ့ သက်ဆိုင်သူ အသီးသီးလို့ ဆိုလိုက်တာနဲ့ပဲ အားလုံးသောသူတွေနဲ့ သက်ဆိုင်နေတယ်လို့ ပြောလိုက်သလိုပါပဲ၊ ဟုတ်ပါတယ်၊ ကမ္ဘာပေါ်က ဘယ်လူသားတစ်ဦးတစ်ယောက်မှ မိခင်နဲ့ မပတ်သက်၊ မသက်ဆိုင်သူရယ်လို့ ရှိနိုင်တာမှ မဟုတ်တာကလား၊ မိခင်များနေ့မှာ တနယ်ဝေးကိုရောက်နေတဲ့ သားတို့သမီးတို့တွေ မိခင်ရင်ခွင်မှာ ခေတ္တဝင်ရောက် ပြန်လည်နားခိုကြ၊ မိခင်အတွက် အမှတ်တရ လက်ဆောင်တွေပေးကြ၊ တန်ဖိုးကြီး၊ မကြီးဆိုတာထက် သားသမီးတွေရဲ့ မြတ်နိုးကြင်နာမှု၊ အလေးထားမှုကို မြင်တွေ့ရလို့ မိခင်တွေမှာ ကြည်နူးကျေနပ်ကြရတာ၊ ပီတိဖြာဝေကြရတာ၊ ဒီအရာတွေအားလုံးဟာဖြင့် စိတ်နှလုံးညွှတ်ပျောင်းစရာ ပုံရိပ်လွှာတွေချည်းသာပါ။

ခုလို ကြည်နူးညွှတ်ပျောင်းစရာ နွေးထွေးယှက်နွယ်မှုတွေကြားမှာ လက်ဆောင်ဆိုတာ ပါလာလေတော့ ဒီအကြောင်းလေးကို ပြောချင်လာမိပါတယ်။ တခါက "လက်ဆောင်ပေးစရာရှိတယ်၊ ဒါပေမယ့် ဒီပစ္စည်းက ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ဘူး၊ တန်ဖိုးလည်း မရှိလှပါဘူး"ဆိုပြီး တစ်ယောက်က Lip balm လေးတစ်ခု ပေးလာပါတယ်၊ အဲဒီအချိန်က ဆောင်းရဲ့အအေးဒဏ်ကြောင့် နှုတ်ခမ်းတွေ ကွဲခြောက်နေချိန်ပါ။ သူ အဲဒီလို ပေးတာဟာ ကိုယ့်နှုတ်ခမ်းကွဲခြောက်နေတာကို သိလို့လား၊ တိုက်ဆိုင်မှုလားဆိုတာတော့ သူ့ကိုမမေးမိလို့ ခုထိမသိနိုင်ခဲ့ဘူးပေါ့၊ မြန်မာပြည်က ကိုယ့်ပတ်ဝန်းကျင်မှာ အဲဒီလို Lip balm ကို အသုံးပြုသူဆိုတာ လုံးဝကို မတွေ့ခဲ့ဖူးပါဘူး၊ ဒါကြောင့် နှုတ်ခမ်းမှာ လိမ်းဖို့ရာဆို အမျိုးသမီးအသုံးအဆောင် နှုတ်ခမ်းဆိုးဆေး (Lip stick) လောက်ကိုသာ မြင်ဖူးတာကြောင့် ခုလို အလှအပအတွက် မဟုတ်ပဲ ဆေးအတွက် အသုံးပြုနိုင်တဲ့ Lip balm က အထူးအဆန်းတစ်ခု ဖြစ်နေခဲ့ပါတယ်၊ ဒီ Lip balm ကို ဘဝမှာ ဒါပထမအကြိမ် တွေ့ဖူးခြင်းလည်းပဲဖြစ်ပါတယ်၊ မတွေ့ဖူးတဲ့ပစ္စည်း ဖြစ်တာရယ်၊ အသုံးလိုနေချိန်မှာ အသုံးဝင်တဲ့လက်ဆောင်ပစ္စည်းကို ရခဲ့တာမို့ရယ်ကြောင့် စိတ်ထဲမှာ အလွန်ဝမ်းမြောက် ကြည်နူးဖြစ်မိခဲ့ရပါတယ်၊ နောက်တစ်ခုက လက်ဆောင်ပစ္စည်းထက် လက်ဆောင်ရှင်အပေါ်မှာ တန်ဖိုးထား လေးစားမှုက ပိုမိုခဲ့တာလည်း အမှန်ပါပဲ။ ဒါကြောင့် ကျေးဇူးတင်ပါတယ်ဆိုတဲ့စကားကို မပြောဖြစ်ခဲ့ပေမယ့် "လက်ဆောင်ဆိုတာ ပစ္စည်းရဲ့တန်ဖိုး မကြီးမားပေမယ့် လက်ဆောင်ပေးသူရဲ့စေတနာနဲ့ ခံယူသူရဲ့မြတ်နိုးမှုအပေါ်မူတည်ပြီး အဖိုးအနဂ္ဃ ထိုက်တန်သွားနိုင်ပါတယ်" ဆိုတဲ့ စကားတစ်ခွန်းကိုတော့ လက်ဆောင်ပေးတဲ့သူ့ကို ပြောခဲ့ပါတယ်။

အဲဒီအခါက ဒီစကားကိုပြောခဲ့တာဟာ လက်ဆောင်ပေးသူ ကျေနပ်ပါစေတော့ဆိုတဲ့အနေနဲ့ ဝတ္တရားကျေ ပြောခဲ့တာမျိုး မဟုတ်ပါဘူး၊ တကယ့်ကိုမှ သူပေးခဲ့တဲ့လက်ဆောင်အပေါ်မှာ လှိုက်လှိုက်လှဲလှဲ မြတ်နိုးစိတ်နဲ့ ပြောခဲ့တာပါ။ ကိုယ့်အတွက် အသုံးဝင်တဲ့ပစ္စည်းကို လိုအပ်ချိန်မှာ ရခဲ့တာကြောင့် ကျေနပ်တာထက် လက်ဆောင်ပေးသူရဲ့ စေတနာနဲ့ ကိုယ့်ရဲ့တကယ့်မြတ်နိုးစိတ်ကြောင့် ဒီလက်ဆောင်လေး တကယ်ပဲ အဖိုးအနဂ္ဃထိုက်တန်သွားတယ်ဆိုတာကိုလည်း ကိုယ်ရော လက်ဆောင်ပေးသူပါ ကောင်းကောင်းနားလည်နိုင်ခဲ့ကြပါတယ်၊ မေတ္တာစေတနာနဲ့ မြတ်နိုးမှုတို့ရဲ့ အချိုးကျညီညွတ်မှုဟာ တကယ့်ကိုမှ နက်ရှိုင်းလှပတဲ့ (ကာလတို) ဝတ္ထုတစ်ပုဒ်ရဲ့ သန္ဓေတည်ရာလည်းပဲ ဖြစ်ခဲ့ရပါတယ်။

ဖြူစင်တဲ့လက်ဆောင်ဆိုတာ တန်ဖိုးအားဖြင့် မကြီးမားသော်လည်း တိုင်းတာမရနိုင်တဲ့ ကြည်နူးမှုကိုတော့ ပေးစွမ်းနိုင်သားရယ်လို့ ကောင်းကောင်းနားလည်နိုင်ခဲ့ပါတယ်၊ နောက်ပြီး တန်ဖိုးဘယ်လောက်ပင်ကြီးပေမယ့် ခံယူသူက မြတ်နိုးမှု မရှိဘူးဆိုလျှင်လည်း ဘယ်လိုမှ အဓိပ္ပါယ်ရှိလိမ့်မယ် မဟုတ်ဘူးလို့လည်း အပြန်နားလည်ခဲ့မိပါတယ်၊ တစ်ဦးအပေါ်တစ်ဦးထားတဲ့ နားလည်မှုနဲ့ မြတ်နိုးမှုဟာ ပတ်ဝန်းကျင်မှာရှိတဲ့ သက်မဲ့ပစ္စည်းတွေပေါ်မှာပင် ရိုက်ခတ်နိုင်စွမ်း၊ အကျိုးသက်ရောက်နိုင်စွမ်းရှိကြောင်းကို ထပ်ဆင့်လို့ နားလည်လိုက်မိပါတယ်၊ သက်ရှိတွေ၊ အသိဉာဏ်ရှိသူတွေဖြစ်တဲ့ လူသားအချင်းချင်းကြားမှာဆိုလျှင်ဖြင့် ခုလိုနားလည်မှုနဲ့ မြတ်နိုးမှုတွေရဲ့ အာနိသင်စွမ်းအားဟာ ခန့်မှန်းတိုင်းတာလို့ပင် ရနိုင်မယ် မထင်ပါဘူး၊ အချင်းချင်းတွေကြားမှာ တန်ဖိုးထား လေးစားမှုတွေ၊ စာနာနားလည်မှုတွေ ၊ အပြန်အလှန်ယုံကြည်မှုတွေ ခန်းခြောက်လာပြီဆိုလျှင်လည်း ဘယ်လိုအရာတွေမှ တန်ဖိုးရှိတော့မယ်၊ စွမ်းအားထက်မြက်တော့မယ် မဟုတ်ပါဘူး။

ကိုယ်တွေ့အရ ဆိုရလျှင်ဖြင့် Lip balm လက်ဆောင်ရှင်အနေနဲ့ ခုနေမျိုးမှာ တန်ဖိုးကုဋေကုဋာတန်တဲ့ အရာကို ပေးလာပါစေဦး၊ ဘယ်လိုမှ မြတ်နိုးစိတ်ဖြစ်မိမှာ မဟုတ်သလို ကြည်နူးစိတ်လည်းပဲ ဖြစ်မိမယ် မထင်ပါဘူး၊ ပြောလိုတာက အချိန်ကာလနဲ့ အခြေအနေတွေဟာ အရာရာကို ပြောင်းလွဲစေတတ်တယ်ဆိုတာကိုပါ။ အချိန်ကာလဆိုတာ လက်ဆောင်တစ်ခု၊ အပေးအယူပြုမှုတစ်ခုရဲ့ တန်ဖိုးအနိမ့်အမြင့်ဖြစ်စေမှုမှာ အရေးပါတဲ့အရာတစ်ခုဖြစ်လို့မို့ သူလိုချိန်မှာ ကိုယ်မြတ်နိုးတဲ့ သေးသေးလေးကို ပေးလိုက်နိုင်ခြင်းဟာ သူမလိုချိန်မှာ ကိုယ်မမြတ်နိုးတဲ့ ရောနန္တ အဖိုးထိုက်တဲ့ အရာကြီးတွေကို ပေးတာထက် ပိုပြီးအဓိပ္ပါယ်ပြည့်ဝကြောင်း ကောင်းကောင်းနားလည်သဘောပေါက်ကြဖို့ လိုပါတယ်။

လက်ဆောင်ဆိုတာ ပေးသူကိုယ်တိုင်လည်း တကယ်မြတ်နိုးတဲ့အရာမျိုးဖြစ်ဖို့ လိုပါသေးတယ်၊ နောက်ပြီး စေတနာလည်း ပါပါမှပါ။ ဒါမှမဟုတ်လို့ ဝတ္တရားကျေပေးတဲ့ လက်ဆောင်မျိုး၊ ကိုယ်အသုံးမလိုလို့ အရှုပ်မို့ ပေးလိုက်တာမျိုး မဖြစ်ဖို့လည်း လိုပါတယ်၊ ရောင်းသူဝယ်သူတွေကြားမှာ ရောင်းသူက သူ့ပစ္စည်းရောင်းစွံစေဖို့ ပစ္စည်းရဲ့ ချို့ယွင်းအားနည်းမှုမှန်သမျှ ဖုံးကွယ်ပြီး အားသာတဲ့အချက်၊ ကောင်းတဲ့အချက်တွေကိုသာ ပြောမှာပါပဲ၊ ဝယ်သူဖက်ကလည်း ဈေးချိုချိုနဲ့ရနိုင်အောင် ကြိုးစားမှာ အမှန်ပါပဲ၊ ဒါတွေက သူတို့အခန်းကဏ္ဍ သူတို့လုပ်ကြ၊ ကကြခြင်းသာဖြစ်ပါတယ်၊ အလွန်အဆိုးလို့ မဆိုသာပါဘူး၊ အဲ အပေါ်ယံတောက်ပဖို့၊အမြင်လှဖို့ဆိုတာ အရောင်းအဝယ်သဘောမှာ ရောင်းသူရဲ့ တာဝန်တစ်ခုဖြစ်ပေမယ့် မြတ်နိုးမှု၊ လေးစားတန်ဖိုးထားမှုကို အခြေခံတဲ့ လက်ဆောင်ပေးမှုမှာတော့ အပေါ်ယံတောက်ပမှုလောက်၊ အမြင်လှပမှုလောက်ကိုသာ အလေးမထားဖို့ အထူးပဲ လိုအပ်ပါတယ်။

(Never look a gift horse in the mouth) ဆိုတဲ့ တရုတ်စကားပုံ၊ “အလကားရတဲ့နွား၊ သွားဖြဲ ကြည့်မနေနဲ့”ဆိုတဲ့ မြန်မာစကားပုံများတော့ရှိပါတယ်၊ အလကားရလျှင်ဖြင့် ကောင်းတယ် ဆိုးတယ်၊ နည်းတယ်များတယ်၊ ဘာဘာညာညာ ချေးများမနေနဲ့ဆိုတဲ့ သဘောပါ။ ဒါက စေတနာမေတ္တာနဲ့ အပြန်အလှန် စာနာနားလည်မှု မပါတဲ့ သာမန်အပေးအယူမျိုး  အတွက်တော့ လိုက်နာဖို့ကောင်းတဲ့ ဥပဒေသလို့ ဆိုနိုင်မှာပါ။ သို့ပေမယ့် အရာဌာနတိုင်းအတွက် အသုံးပြုလို့ဆီလျော်မယ့် ဥပဒေသတစ်ခုတော့ မဟုတ်နိုင်ပါဘူး။

ကိုယ်ကိုယ်တိုင်က လက်ဆောင်ပေးရတဲ့သူမျိုး ဖြစ်ခဲ့မယ်ဆိုလျင် ကိုယ်ပေးတဲ့လက်ဆောင်ဟာ အပေါ်ယံလွှာ တောက်ပမှုတွေနဲ့ ဟန်ဆောင်ကာ ချယ်သထားတာမျိုး မဖြစ်ရစေဖို့ အထူးပဲ သတိထားမိတတ်ပါတယ်၊ နောက်ပြီး ကိုယ်က လက်ဆောင်ခံတစ်ဦးဖြစ်မယ်ဆိုလျင်လည်း ကိုယ့်ကိုပေးတဲ့ လက်ဆောင်ရှင်ဟာ တာဝန်ကျေ ပေးရတာမျိုး၊ မကောင်းလို့ပေးရတာမျိုး မဖြစ်ပါစေနဲ့ရယ်လို့လည်း ဆန္ဒဖြစ်မိတတ်ပါတယ်၊ အထူးသဖြင့် ကိုယ့်အပေါ်မှာ အပေါ်ယံလွှာ အလှအပတွေနဲ့ ဟန်ပြကောင်းရုံမျှသာဖြစ်တဲ့ လက်ဆောင်မျိုး မပေးကြစေဖို့ကိုဖြင့် အထူးပဲ ဆန္ဒပြု မိတတ်ပါတယ်။

ခင်မင်ရသူတစ်ဦးက လက်ဆောင်အကြောင်းပြောလာလို့ "လက်ဆောင်"ဆိုတဲ့ ဒီစာတိုလေး ရေးလိုက်ပေမယ့် ပြော လိုတာကတော့ ဒီထက်ပိုပါတယ်၊ ဘဝဆိုတာက အပေးအယူ၊ အပြန်အလှန်၊ အတုံ့အလှည့်၊ အလျှော့အတင်း၊ စတာ တွေနဲ့ မကင်းနိုင်ပါဘူး၊ ဒါတွေဟာ လူ့အဖွဲ့အစည်းတစ်ခုရဲ့ ကြန်အင်လက္ခဏာတွေလို့ဆိုနိုင်သလို တစ်ဦးချင်းစီ သောဘာဝရဲ့ အစိတ်အပိုင်းလို့လည်း ပြောနိုင်ပါတယ်၊ အပေးအယူစတဲ့ ဘယ်အရာမှာပဲဖြစ်ဖြစ် အပေါ်ယံ အခွံ အကာ အလှအပတွေနဲ့ ဟန်ပြတွေသာ မဖြစ်ကြစေဖို့ အရေးကြီးပါကြောင်းကိုလည်း အရာရာတိုင်းနဲ့ယှဉ်ပြီး စဉ်း စားလို့ နေမိပါတယ်။ တကယ်တော့ ပေးကမ်းမှုမှာ စွန့်လွှတ်အနစ်နာခံလိုမှုနဲ့၊ အလျှော့ပေးလိုမှုလည်း ပါပါမှသာ တကယ့်ပေးကမ်းမှုလို့ ဆိုနိုင်မှာပါ။ ပေးကမ်းမှုနောက်မှာ ဖုံးကွယ်ထားတဲ့ တစုံတရာ ရှိမနေစေဖို့ အမှန်ပင် လိုအပ်ပါ တယ်၊ ကိုယ့်ဂုဏ်သိက္ခာ၊ ကိုယ့်ရိုးသားမှုကို အခြားသူတွေ မသိသည့်တိုင် ကိုယ့်လိပ်ပြာ သန့်သန့်လေး ဖြစ်နေစေဖို့ ကိုတော့ ကိုယ်ကိုယ်တိုင် ဂရုပြုသင့်ပါတယ်။ ပိုးထိုးနေတဲ့ သစ်သီးတစ်လုံးရဲ့ အပေါ်ယံတောက်ပမှုမျိုးနဲ့ ခင်မင်သူ ဘယ်သူမျိုးကိုမှ လက်ဆောင်ပေးဖို့အထိ အတင့်မရဲမိကြစေဖို့ကိုလည်း အမှတ်တရ စကားဆိုချင်ပါသေးတယ်။

လာမည့် အမေမျှားနေ့မှာ အမေ့အတွက် လက်ဆောင်တစ်ခုခု ပေးနိုင်ဖို့ကိုတော့ စိတ်ပိုင်းဖြတ်ထားလိုက်မိပါတယ်။ အမေ့အတွက် ဒီလက်ဆောင်ဟာ အပေါ်ယံအမြင်လွှာ မဝင်းလက် မတောက်ပလျှင်သာနေမယ်၊ အတွင်းမှာတော့ ဘယ်နည်းနဲ့မှ ပိုးထိုးလို့နေမယ် မဟုတ်တာကတော့ သေချာလှပါတယ်။ ။

လက်ဆောင်အကြောင်းပြောတဲ့ ကိုမောင်သို့